ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့
ညွှန်ကြားချက်အမှတ်( ၃ /၂၀၂၄)
၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်
၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်

## ရင်းနှီးမြှုပ်နှံမှုနှင့်သက်ဆိုင်သည့် ညွှန်ကြားချက်

အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့သည် ၁၉၉၆ ခုနှစ် အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေပုဒ်မ ၃၈ (ခ) အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အာမခံလုပ်ငန်းလုပ်ကိုင်သူများ၏ ရရန်ပိုင်ခွင့်များကို ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရာတွင် လိုက်နာဆောင်ရွက်ရန်လိုအပ်သည့် နည်းလမ်းများဆိုင်ရာ ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

### သက်ဆိုင်ခြင်း

၁။ ဤညွှန်ကြားချက်သည် အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေအရ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့က လိုင်စင်ပေးအပ်ထားသည့် အာမခံလုပ်ငန်းလုပ်ကိုင်သူများနှင့် သက်ဆိုင်စေရမည်။

### ရည်ရွယ်ချက်

၂။ ဤညွှန်ကြားချက်သည် အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်နည်းဥပဒေများ ၁၀ (ခ) နှင့် ၃၃ (က) တွင် ပါရှိသော ရင်းနှီးမြှုပ်နှံမှုအစီအစဉ်အရ အာမခံလုပ်ငန်းလုပ်ကိုင်သူများက ရင်းနှီးမြှုပ်နှံမှုနယ်ပယ်နှင့် ပတ်သက်သည့် လုပ်ထုံးလုပ်နည်းများ ရှင်းလင်းမှုရှိစေရန်၊ အာမခံလုပ်ငန်းလုပ်ကိုင်သူများ၏ ဘဏ္ဍာရေးခိုင်မာမှုကိုသေချာစေရန်နှင့် ထိရောက်၍အကျိုးရှိသည့် ရရန်ပိုင်ခွင့် စီမံခန့်ခွဲမှုကို အထောက်အကူဖြစ်စေရန် ရည်ရွယ်သည်။

### အဓိပ္ပာယ်ဖွင့်ဆိုချက်

၃။ ဤညွှန်ကြားချက်တွင်ပါဝင်သော စကားရပ်များသည် အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ဤ ညွှန်ကြားချက်တွင် ဖော်ပြထားသည့် နည်းဥပဒေများအရ သတ်မှတ်မထားသည့် ရရန်ပိုင်ခွင့်များ (Non-regulated assets) ဆိုသည်မှာ ရရန်ပိုင်ခွင့် စုစုပေါင်းမှ အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်နည်းဥပဒေများ ၇ အရ မြန်မာ့စီးပွားရေးဘဏ်တွင် စာရင်းဖွင့်လှစ်ထားရှိသည့် တင်သွင်းငွေနှင့် ဝယ်ယူထားရှိသည့် အစိုးရငွေတိုက်စာချုပ်များအား နှုတ်ထားပြီး ကျန်ရှိသည့် အာမခံလုပ်ငန်းလုပ်ကိုင်သူ၏ ရရန်ပိုင်ခွင့် ပမာဏကို ဆိုသည်။

**ရင်းနှီးမြှုပ်နှံမှုအစီအစဉ်အကောင်အထည်ဖော်ခြင်း**

၄။ အာမခံလုပ်ငန်းလုပ်ကိုင်သူသည် နည်းဥပဒေများအရ သတ်မှတ်မထားသည့် ရရန်ပိုင်ခွင့်များကို ရင်းနှီးမြှုပ်နှံသည့်အခါ ဤညွှန်ကြားချက် အပိုဒ် ၆ တွင် ဖော်ပြထားသော အချက်အလက်များ ပါဝင်သည့် အစီအစဉ်ကို ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသို့တင်ပြ၍ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်ရယူရမည်။ (အာမခံလုပ်ငန်းလုပ်ကိုင်သူက ငွေသား၊ ဘဏ်စုငွေနှင့် အသက်အာမခံချေးငွေတို့အား ရင်းနှီးမြှုပ်နှံမှုအစီအစဉ်တွင် ဖော်ပြရန်မလိုပါ။) အာမခံလုပ်ငန်းလုပ်ကိုင်သူသည် ၎င်း၏ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုအရ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့မှ အတည်ပြုထားသော ရင်းနှီးမြှုပ်နှံမှုအစီအစဉ်ကို ပြောင်းလဲလိုသည့်အခါ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသို့ ထပ်မံတင်ပြပြီး အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ထံမှ ခွင့်ပြုချက်ရယူရမည်။ အာမခံလုပ်ငန်းလုပ်ကိုင်သူ၏ လုပ်ငန်းလည်ပတ်ရန် ရည်ရွယ်ချက်ဖြင့် ဝယ်ယူထားသော ရရန်ပိုင်ခွင့်များအား ရင်းနှီးမြှုပ်နှံမှုအဖြစ် မသတ်မှတ်ပါ။

၅။ အာမခံလုပ်ငန်းလုပ်ကိုင်သူ၏ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်တွင် နည်းဥပဒေများအရ သတ်မှတ်မထားသည့် ရရန်ပိုင်ခွင့်များ ကို အောက်ပါအတိုင်းစီမံခန့်ခွဲရမည်-

(က) နည်းဥပဒေများအရ သတ်မှတ်မထားသည့် ရရန်ပိုင်ခွင့်များမှ ရင်းနှီးမြှုပ်နှံမည့် ရရန်ပိုင်ခွင့်များ၏ သီးခြား ဆုံးရှုံးနိုင်ခြေရှိမှုများကို တွက်ချက်၍ လုံလောက်စွာစီမံထားရှိခြင်း၊

(ခ) ပေါ်လစီရှင်များသို့ လျော်ကြေးပေးချေမှုနှင့် အခြားအသုံးစရိတ်များကို ရရန်ပိုင်ခွင့်နှင့် ပေးရန်တာဝန်စီမံခန့်ခွဲမှုအစီအစဉ်တွင် အချိန်နှင့်တပြေးညီ ထည့်သွင်းထားခြင်း၊

၆။ အာမခံလုပ်ငန်းလုပ်ကိုင်သူများသည် ရင်းနှီးမြှုပ်နှံမှု ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲနိုင်ရေးအတွက် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့သို့ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်အား တင်ပြရာတွင် အောက်ပါ အချက်အလက်များ ပါရှိရမည်-

(က) အာမခံလုပ်ငန်းလုပ်ကိုင်သူ၏ ဒါရိုက်တာဘုတ်အဖွဲ့မှ ခန့်အပ်ထားသော ရင်းနှီးမြှုပ်နှံမှု ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုအတွက် တာဝန်ရှိသည့် ရင်းနှီးမြှုပ်နှံမှုမန်နေဂျာ၏ အချက်အလက်များ၊

(ခ) ကြွေးမြီပေးဆပ်နိုင်စွမ်းညွှန်ကြားချက်တွင် သတ်မှတ်ထားသော မတည်ရင်းနှီးငွေ လုံလောက်မှု အချိုးသတ်မှတ်ချက် ပါဝင်သည့် ရင်းနှီးမြှုပ်နှံမှုဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှု မူဝါဒနှင့် မတည်ရင်းနှီးငွေလုံလောက်မှုအချိုးသည် သတ်မှတ်ချက်အောက်လျော့နည်းသည့်အခါ ဆောင်ရွက်မည့်အချက်များ၊

(ဂ) ဘဏ္ဍာရေးနှစ်အတွင်း မျှော်မှန်းငွေအဝင် အထွက်ပမာဏ၊ ငွေဖြစ်လွယ်မှု လိုအပ်ချက်များနှင့်သက်ဆိုင်သော ပုံမှန်ထားရှိရမည့် ငွေဖြစ်လွယ်မှုရှိသော ရရန်ပိုင်ခွင့်များနှင့် ငွေဖြစ်လွယ်မှုရှိသော ရရန်ပိုင်ခွင့်များ လျော့နည်းသည့်အခါ အာမခံလုပ်ငန်းလုပ်ကိုင်သူ

များက ဆောင်ရွက်မည့် အစီအစဉ်များပါဝင်သော ငွေဖြစ်လွယ်မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှု မူဝါဒ၊

(ဃ) ဤညွှန်ကြားချက်ပါ အကြောင်းအရာများနှင့် သက်ဆိုင်သည်ဟု ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ သတ်မှတ်ထားသော အခြားသတင်း အချက်အလက်များ၊

၇။ အာမခံလုပ်ငန်းလုပ်ကိုင်သူသည် ရင်းနှီးမြှုပ်နှံမှုဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုအတွက် အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) ရင်းနှီးမြှုပ်နှံမှုမန်နေဂျာသည် ရင်းနှီးမြှုပ်နှံမှုများအား အာမခံလုပ်ငန်းလုပ်ကိုင်သူ၏ ရင်းနှီးမြှုပ်နှံမှု/ငွေဖြစ်လွယ်မှု ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲခြင်းဆိုင်ရာ မူဝါဒများအတိုင်း ဆောင်ရွက်ခြင်း၊ လက်ရှိရင်းနှီးမြှုပ်နှံမှုသည် မတည်ရင်းနှီးငွေလုံလောက်မှုအချိုး သတ်မှတ်ချက်အတွင်း ရှိစေရန် ထိန်းသိမ်းဆောင်ရွက်ခြင်းနှင့် ငွေဖြစ်လွယ်မှုရှိသော ရရန်ပိုင်ခွင့်များသည် ငွေဖြစ်လွယ်မှု လိုအပ်ချက်များနှင့် ကိုက်ညီစေရန် ရင်းနှီးမြှုပ်နှံမှု အခြေအနေများအား ထိန်းသိမ်းဆောင်ရွက် ရမည်။

(ခ) ရင်းနှီးမြှုပ်နှံမှုအစီအစဉ်ကို ဆောင်ရွက်လျက်ရှိသော ဝန်ထမ်းသည် လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေသည့် ရင်းနှီးမြှုပ်နှံမှုအခြေအနေများကို မှတ်တမ်းထားရှိ၍ နောက်ဆုံးအခြေအနေကို ရင်းနှီးမြှုပ်နှံမှုမန်နေဂျာထံသို့ ပုံမှန်တင်ပြရမည်။

(ဂ) ဌာနတွင်းစာရင်းစစ်အနေဖြင့် အာမခံလုပ်ငန်းလုပ်ကိုင်သူ၏ ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်ချက်များသည် ရင်းနှီးမြှုပ်နှံမှု/ငွေဖြစ်လွယ်မှု ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲခြင်းဆိုင်ရာ မူဝါဒများနှင့်အညီ လုပ်ဆောင်ထားခြင်း ရှိ မရှိ ပုံမှန်စစ်ဆေးပြီး၊ စာရင်းစစ်ဆေးတွေ့ရှိချက်များကို ရင်းနှီးမြှုပ်နှံမှုမန်နေဂျာနှင့် အာမခံလုပ်ငန်းလုပ်ကိုင်သူ၏ ဒါရိုက်တာဘုတ်အဖွဲ့သို့ တင်ပြရမည်။

(ဃ) အာမခံလုပ်ငန်းလုပ်ကိုင်သူ၏ ဒါရိုက်တာဘုတ်အဖွဲ့သည် ရင်းနှီးမြှုပ်နှံမှုမန်နေဂျာ ခန့်အပ်ခြင်း၊ ကြီးကြပ်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုပိုမိုကောင်းမွန်စေခြင်း၊ ငွေဖြစ်လွယ်မှု ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲခြင်းအတွက် တာဝန်ရှိသည်။

၈။ အာမခံလုပ်ငန်း လုပ်ကိုင်သူက နည်းဥပဒေများအရ သတ်မှတ်မထားသည့် ရရန်ပိုင်ခွင့်များမှ ရင်းနှီးမြှုပ်နှံနိုင်သည့် ရရန်ပိုင်ခွင့်အမျိုးအစားများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြန်မာနိုင်ငံတွင်းရှိ ငွေသားနှင့် ဘဏ်အပ်နှံငွေများ၊

(ခ) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ နိုင်ငံပိုင် အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်နှင့် နေပြည်တော်ကောင်စီတို့မှ ထုတ်ဝေသည့် ငွေတိုက်စာချုပ်နှင့် ငွေချေးသက်သေခံလက်မှတ်များ၊

(ဂ) Moody's, Standard & Poor's, Fitch နှင့် ၎င်းတို့၏မိတ်ဖက် အေဂျင်စီတစ်ခုခုမှ ရင်းနှီးမြှုပ်နှံမှု အဆင့်သတ်မှတ်ချက်နှင့် ချေးငွေရယူနိုင်စွမ်းသတ်မှတ်ချက်ပြုထားသော မြန်မာနိုင်ငံရှိသက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ တည်ထောင်ထားသည့် ကုမ္ပဏီနှင့် အဖွဲ့အစည်းများက ထုတ်ဝေသည့် ငွေချေးစာချုပ်၊

(ဃ) ရှယ်ယာရှင် (၁၀၀) ဦးထက် ပိုမိုပါဝင်သော စာရင်းဝင်ကုမ္ပဏီများနှင့် အများနှင့် သက်ဆိုင်သော ကုမ္ပဏီများက ထုတ်ဝေသည့် သို့မဟုတ် ထုတ်ဝေရန် စီစဉ်ဆောင်ရွက် သည့် ရှယ်ယာများ၊ စတော့များ၊ ငွေချေးစာချုပ်များနှင့် ဒီဘင်ချာများ၊ ယင်းတို့နှင့် သက်ဆိုင်သည့် အခွင့်အရေးများ၊ ရွေးချယ်ခွင့်များနှင့် ဝရမ်းများ၊

(င) အထက်အပိုဒ် (က) မှ (ဃ) အထိစာရင်းတင်ထားသော ရရန်ပိုင်ခွင့်များမှအပ အာမခံဈေးကွက်ဖွံ့ဖြိုးတိုးတက်မှုနှင့် အာမခံလုပ်ငန်းလုပ်ကိုင်သူများ၏ ရင်းနှီးမြှုပ်နှံ ခြင်း စီမံခန့်ခွဲမှုအရည်အသွေးတိုးတက်စေရန် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့က အခါအားလျော်စွာ သုံးသပ်ခွင့်ပြုသည့် အခြားရရန်ပိုင်ခွင့်များဖြစ်သော မြန်မာနိုင်ငံ အတွင်းရှိ အခြေပစ္စည်း သို့မဟုတ် နိုင်ငံခြားငွေကြေးဖြင့် တန်ဖိုးသင့်ထားသော အခြားရရန်ပိုင်ခွင့်များ။

၉။ အပိုဒ် ၈၊ အပိုဒ်ခွဲ (ဂ) မှ (င) အထိ ဖော်ပြထားသော အာမခံလုပ်ငန်းလုပ်ကိုင်သူ၏ ရင်းနှီးမြှုပ်နှံမှုရရန်ပိုင်ခွင့်သည် စုစုပေါင်းရရန်ပိုင်ခွင့်၏ ၂၀ ရာခိုင်နှုန်းထက် မကျော်လွန်စေရ။

၁၀။ အပိုဒ် ၈၊ အပိုဒ်ခွဲ (ဂ) မှ (င) အထိ ဖော်ပြထားသော အာမခံလုပ်ငန်းလုပ်ကိုင်သူ၏ ရရန်ပိုင်ခွင့် တွင် ရင်းနှီးမြှုပ်နှံမှုများအနက် တရားဝင်အဖွဲ့အစည်းတစ်ခုတည်းတွင် ရင်းနှီးမြှုပ်နှံမှုသည် စုစုပေါင်း ရရန်ပိုင်ခွင့်၏ ၁၀ ရာခိုင်နှုန်း ထက်မကျော်လွန်စေရ။

၁၁။ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် အာမခံလုပ်ငန်းလုပ်ကိုင်သူက တင်ပြ လာသည့် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်အား ဤညွှန်ကြားချက်နှင့် အညီလုပ်ဆောင်ခြင်း ရှိ မရှိ စိစစ်ရမည်။

၁၂။ အာမခံလုပ်ငန်းလုပ်ကိုင်သူက ရင်းနှီးမြှုပ်နှံမှုအစီအစဉ်အား လျှောက်ထားတင်ပြလာပါက ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် စတင်လက်ခံရရှိသည့်နေ့မှစ၍ ရက်ပေါင်း (၉၀) အတွင်း အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက်ရယူရမည်။

၁၃။ အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့သည် အပိုဒ် ၈၊ အပိုဒ်ခွဲ (င) တွင် ဖော်ပြထားသော ရရန်ပိုင်ခွင့်များအတွက် ရင်းနှီးမြှုပ်နှံခြင်းကို ခွင့်ပြုသည့်အခါ ၎င်း၏ ရရန်ပိုင်ခွင့် စုစုပေါင်း ပမာဏအပေါ် အမြင့်ဆုံးအချိုးအား သတ်မှတ်နိုင်သည်။

၁၄။ အာမခံလုပ်ငန်း လုပ်ကိုင်သူ၏ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်ကို အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ ထံမှ ခွင့်ပြုချက်ရရှိသည့်အခါ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်အတွင်း အာမခံလုပ်ငန်းလုပ်ကိုင်သူ၏ ကိုယ်ပိုင် ဆုံးဖြတ်ချက်၊ တာဝန်ခံမှုတို့ဖြင့် နည်းဥပဒေများအရ သတ်မှတ်မထားသည့် ရရန်ပိုင်ခွင့်များကို

ဝယ်ယူခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ရောင်းချခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ကို ဤညွှန်ကြားချက်ပါ သတ်မှတ်ချက် ဘောင်အတွင်း ပြုလုပ်နိုင်သည်။

၁၅။ အာမခံလုပ်ငန်းလုပ်ကိုင်သူသည် ဘဏ္ဍာရေးနှစ်အကုန်တွင် ကာလတန်ဖိုးဈေးနှုန်း ပြောင်းလဲမှုကြောင့် အပိုဒ် ၉ နှင့် ၁၀ ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိသည့်အခါ လာမည့်ဘဏ္ဍာရေးနှစ်အကုန်တွင် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှု အစုစုကို အပိုဒ် ၉ နှင့် ၁၀ ပါ သတ်မှတ်ချက်များနှင့်ကိုက်ညီစေရန် ပြန်လည် ချိန်ညှိရမည်။

၁၆။ အာမခံလုပ်ငန်းလုပ်ကိုင်သူသည် ဘဏ္ဍာရေးနှစ်အလိုက် ရင်းနှီးမြှုပ်နှံမှုအစီအစဉ်၏ ဆောင်ရွက်ချက်ရလဒ်များအား ကြွေးမြီပေးဆပ်နိုင်စွမ်း ညွှန်ကြားချက်နှင့်အညီ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသို့ တင်ပြရမည်။ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် အာမခံလုပ်ငန်းလုပ်ကိုင်သူ၏ ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်ချက်များအား သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်မှု ရှိ မရှိ ပုံမှန်စိစစ်ရမည်။

၁၇။ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် အာမခံလုပ်ငန်းလုပ်ကိုင်သူ၏ ဘဏ္ဍာရေး အခြေအနေ တောင့်တင်းခိုင်မာမှုကို စိစစ်ရာတွင် အာမခံလုပ်ငန်း လုပ်ကိုင်သူ၏ လက်ရှိရင်းနှီးမြှုပ်နှံမှု အခြေအနေတင်ပြချက်နှင့်စပ်လျဉ်း၍ အခြားလိုအပ်သည့်အချက်အလက်များကို တောင်းခံနိုင်သည်။ အာမခံလုပ်ငန်းလုပ်ကိုင်သူသည် ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ တောင်းခံလာသည့် အချက်အလက်များကို ချက်ချင်းတင်ပြရမည်။

**သက်ရောက်သည့်နေ့**

၁၈။ ဤညွှန်ကြားချက်သည် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်မှစ၍ သက်ရောက်မှုရှိစေရမည်။

(မင်းထွန်း)

ဥက္ကဋ္ဌ

အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့

စာအမှတ်၊ FRD / IBRB ( ၇၈၃ / ၂၀၂၄ )

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်

**ဖြန့်ဝေခြင်း**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ဝင်များ
မြန်မာ့အာမခံလုပ်ငန်း
မြန်မာနိုင်ငံအာမခံအသင်း
အာမခံကုမ္ပဏီများအားလုံး
မြန်မာနိုင်ငံဘဏ်များအသင်း

အမိန့်အရ

(ဇော်နိုင်)
အတွင်းရေးမှူး
အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့